# ၁၉၅၇ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၁။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၇ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရ အုပ်ချုပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။နောက်တွင်အဆိုပါ အက်ဥပဒေဟုရည်ညွှန်းသည့် ၁၉၅၃ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး အက်ဥပဒေ၏ရှိရင်း ပုဒ်မ ၁၅ ကို၊ ပုဒ်မ ၁၂ ၏ ပုဒ်မခွဲ (၁) အဖြစ်ပြန်လည်အမှတ်စဉ်၍၊ အောက်ပါကို၊ ပုဒ်မခွဲ (၂) အဖြစ်ထည့်သွင်းရမည်။

"(၂) ပုဒ်မခွဲ (၁) အရ သက်ဆိုင်ရာ ဒေသန္တရအဖွဲ့က၊ နည်းဥပဒေတွင် သတ်မှတ်ထားသည့် ဦးရေအတိုင်း ကိုယ်စားလှယ်ဖြည့်စုံအောင်၊ သတ်မှတ်ထားသည့်ကာလအပိုင်းအခြားအတွင်း ရွေးချယ်ခြင်း မပြုလျှင်၊ နိုင်ငံတော် သမ္မတ သည်၊ သတ်မှတ်ထားသည့် ဦးရေပြည့်စုံစေရန်၊ လိုနေသည့် အရေအတွက်ရှိသော ကိုယ်စားလှယ်များကို၊ အဆိုပါ ဒေသန္တရအဖွဲ့၏အဖွဲ့ဝင်လူကြီးများထဲမှရွေးချယ်၍ခန့်ထားနိုင်သည်။"

၃။ ။အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၁၄ အစား၊ အောက်ပါကို ပုဒ်မ ၁၄ အဖြစ်ထည့်သွင်းရမည်။

လစ်လပ်သော နေရာ တွင် ဖြည့်စွက် ခန့်ထားခြင်း။

"၁၄။ ။(၁) ဒေသန္တရအဖွဲ့ဝင်လူကြီးတဦး၏နေရာသည်၊ ပုဒ်မ ၁၃ အရ လစ်လပ်ခဲ့သော်၊ ထိုလစ်လပ်သော နေရာတွင်၊ နည်းဥပဒေနှင့်အညီဆောလျင်နိုင်သမျှ ဆောလျင်စွာ ရွေးကောက်ခြင်း၊ သို့တည်းမဟုတ် ရွေးချယ်ခြင်း၊ ဆိုင်သင့်ရာရာနည်းလမ်းဖြင့် ဖြည့်စွက်ခန့်ထားရမည်။

(၂) ဒေသန္တရအဖွဲ့ဝင် လူကြီးတဦးသည်၊ ပုဒ်မ ၁၃ တွင် ပါရှိသော အကြောင်းများမှတပါး၊ အခြားအကြောင်း တခုခုကြောင့်အဖွဲ့ဝင် လူကြီး၏တာဝန် ဝတ်တရားများ မဆောင်ရွက်နိုင်သည့်အတွက် သက်ဆိုင်ရာ ဒေသန္တရအဖွဲ့၏ လုပ်ငန်းများကိုထိခိုက်နစ်နာစေသည်ဟု နိုင်ငံတော် သမ္မတ ကယူဆလျှင်၊ နိုင်ငံတော် သမ္မတ သည်၊ ယာယီအစီအစဉ်အနေဖြင့်၊ ထိုအဖွဲ့ဝင်လူကြီး၏နေရာတွင်၊ ဒေသန္တရအဖွဲ့ဝင်လူကြီးအဖြစ်အရွေးခံနိုင်သူတဦးကို ဖြည့်စွက်ခန့်ထားနိုင်သည်။

အဘိုး—၂၅ ပြား]

(၃) ပုဒ်မခွဲ (၂) အရယာယီ ခန့်ထားခြင်းခံရသော အဖွဲ့ဝင်လူကြီးသည်၊ မူလအဖွဲ့ဝင်လူကြီးကမိမိ၏တာဝန်ဝတ်တရားကိုပြန်လည်ဆောင်ရွက်နိုင်သည့် အထိဖြစ်စေ၊ မူလအဖွဲ့ဝင်လူကြီး၏ နေရာသည်၊ ပုဒ်မ ၁၃ အရ လစ်လပ်၍၊ ပုဒ်မခွဲ (၁) အရ၊ ထိုလစ်လပ်သောနေရာတွင် အဖွဲ့ဝင်လူကြီးတဦးကို ဖြည့်စွက်ခန့်ထားသည့်အထိဖြစ်စေ ဆောင်ရွက်ရမည်။’’

၄။ ။အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (၃) တွင်၊ အောက်ပါခြွင်းချက်ကိုထည့်သွင်းရမည်။

‘‘ခြွင်းချက်။ ။သို့ရာတွင် ဥက္ကဋ္ဌသည်၊ သို့တည်းမဟုတ် ဒုတိယဥက္ကဋ္ဌသည်၊ ဥက္ကဋ္ဌသစ်၊ သို့တည်းမဟုတ် ဒုတိယ ဥက္ကဋ္ဌသစ် ရွေးကောက်တင်မြှောက်ပြီးသည့်အထိ မိမိ၏အာဏာနှင့်တာဝန်ဝတ်တရားများကိုဆက်လက်သုံးစွဲဆောင်ရွက်ရမည့်။’’

၅။ ။အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၂၆၊ ခြွင်းချက်တွင် ‘‘လျင်မြန်နိုင်သမျှ လျင်မြန်စွာတင်သွင်းရမည်။’’ ဆိုသည့်စကားရပ်အစား၊ ‘‘နိုင်ငံတော် သမ္မတ ကညွှန်ကြားသည့်အတိုင်းတင်သွင်းရမည်။’’ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၆။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (၂) အစား၊ အောက်ပါကို ပုဒ်မခွဲ (၂) အဖြစ်ထည့်သွင်းရမည်။

‘‘(၂) ဤအက်ဥပဒေ၏အခြားနေရာတွင်မည်သို့ပင်ပါရှိစေကာမူ၊ ခရိုင်ကောင်စီသည်၊ သို့တည်းမဟုတ်မြို့နယ်ကောင်စီသည်၊ အောက်ပါတာဝန်ဝတ်တရားများနှင့် အလုပ်ဝတ်တရားများကို၊ မိမိကိုယ်တိုင်ဆောင်ရွက်ရမည်။ ကျန်ရှိသည့် အခြားတာဝန်ဝတ်တရားများနှင့် အလုပ်ဝတ်တရားများကို၊ သက်ဆိုင်ရာ အလုပ်အမှုဆောင်ကော်မီတီကဆောင်ရွက်နိုင်သည်။

(က) နိုင်ငံတော်အစိုးရ၏ဝါဒနှင့် မဆန့်ကျင်သည့် ဝါဒချမှတ်ခြင်း။
(ခ) ပုဒ်မ ၃၆ (၁) အရဌာနများသတ်မှတ်ခြင်း။
(ဂ) စည်းကမ်းဥပဒေပြုခြင်း။
(ဃ) နှစ်ချုပ်အစီရင်ခံစာကိုအတည်ပြုခြင်း။
(င) အခွန်စည်းကြပ်ခြင်း၊ စည်းကြပ်ပြီးသောအခွန်နှုန်းပြင်ဆင်ခြင်း။
(စ) ဒေသန္တရအဖွဲ့နှင့်အဖွဲ့ဝင်လူကြီးအပေါ်အရေးယူခြင်း။
(ဆ) လုပ်ငန်းသစ်များအတွက် နည်းဥပဒေနှင့်အညီခွင့်ပြုခြင်း။
(ဇ) ကောင်စီအစည်းအဝေး၌ ဆုံးဖြတ်ရန် တင်ပြသင့်သည်ဟု ကောင်စီဥက္ကဋ္ဌက ထင်မြင်ယူဆသည့်ကိစ္စ။’’

၇။ ။အဆိုပါအက်ဥပဒေ၏ပုဒ်မ ၃၅ နောက်တွင်၊ အောက်ပါကိုပုဒ်မ ၃၅-က အဖြစ်ထည့်သွင်းရမည်။

**ဒေသန္တရအဖွဲ့၏ ဆုံးဖြတ်ချက်အတည်ဖြစ်ခြင်း။**

"၃၅-က။ ။တဦးတယောက်သောသူသည်၊ ဒေသန္တရ အဖွဲ့အစည်း အဝေးသို့ တက်ရောက်ခွင့် မရှိဘဲ၊ တက်ရောက်ခဲ့သည်ဟူ၍ သော်၎င်း၊ ဒေသန္တရအဖွဲ့ အစည်း အဝေးတွင် မဲဆန္ဒပေးပိုင်ခွင့်မရှိဘဲ၊ မဲဆန္ဒပေးခဲ့သည်ဟူ၍ သော်၎င်း၊ ဒေသန္တရအဖွဲ့၏မှုခင်းကိစ္စဆောင်ရွက်ရာတွင် အခြားတနည်းနည်းဖြင့်ပါဝင်ဆောင်ရွက်ခွင့်မရှိဘဲ၊ ပါဝင်ဆောင်ရွက်ခဲ့သည်ဟူ၍ သော်၎င်း နောင်အခါမှပေါ်ပေါက်လာစေကာမူ၊ ဒေသန္တရအဖွဲ့၌ ဆောင်ရွက်ခဲ့သည့် မှုခင်းကိစ္စသည် အတည်ဖြစ်စေရမည်။"

၈။ ။အဆိုပါအက်ဥပဒေ၏ပုဒ်မ ၃၆၊ ပုဒ်မခွဲ (၁) အစား၊ အောက်ပါကို ပုဒ်မခွဲ (၁) အဖြစ်ထည့်သွင်းရမည်။

**ဌာနနှင့်တာဝန်။**

"(၁) ဤကိစ္စအလို့ငှါပြုထားသည့်နည်းဥပဒေများနှင့်အညီ မည်သည့်ကောင်စီက မဆို၊ လို အပ် သည့် အလျောက် ဌာနများခွဲ၍၊ မိမိ တို့ ၏ လုပ်ငန်းဆောင်တာများအနက်၊ မည်သည့်လုပ်ငန်းဆောင်တာများကို၊ မည်သည့်ဌာနက ဆောင်ရွက်ရမည်ဟု သတ်မှတ်နိုင်သည်။"

၉။ ။အဆိုပါအက်ဥပဒေ၏ပုဒ်မ ၄၂ အစား၊ အောက်ပါကို ပုဒ်မ ၄၂ အဖြစ်ထည့်သွင်းရမည်။

**နှစ်ပတ်လည်အစီရင်ခံစာသွင်းခြင်း။**

"၄၂။ ။မည်သည့်ကောင်စီမဆို၊ မိမိတို့ ဆောင်ရွက်ခဲ့သော လုပ်ငန်းများနှင့် ကောင်စီ၏ ဘဏ္ဍာရေး အခြေအနေဖော်ပြသည့်နှစ်ပတ်လည် အစီရင်ခံစာကို စီ စဉ် ရေး သား ရမည်။ ထိုအစီရင်ခံစာနှင့်စပ်လျဉ်း၍ နည်းဥပဒေတွင်ပြဋ္ဌာန်းထားသည့်အတိုင်းလိုက်နာဆောင်ရွက်ရမည်။"

၁၀။ ။အဆိုပါအက်ဥပဒေ၏ပုဒ်မ ၆၇၊ ဒုတိယစာပိုဒ်အစား၊ အောက်ပါစာပိုဒ်ကို ထည့်သွင်းရမည်။

"ဤပုဒ်မအရပို့သောအမှုတွဲကို ရရှိသည့်ရာဇဝတ်တရားသူကြီး၌၊ ထိုအမှုတွဲတွင် ဖော်ပြသောပြစ်မှုကို စီရင်ပိုင်ခွင့်အာဏာမရှိလျှင်၊ ထိုအမှုတွဲနှင့်တကွတရားခံကို၊ သက်ဆိုင်ရာနယ်ပိုင်ရာဇဝတ်တရားသူကြီးထံသို့ပို့ရမည်။ နယ်ပိုင်ရာဇဝတ်တရားသူကြီးသည်၊ သို့တည်းမဟုတ် ခရိုင်ရာဇဝတ်တရားသူကြီးက သတ်မှတ်ထား

သော အဆိုဝါ ပြစ်မှုကိုစီရင်ပိုင်ခွင့်ရှိသည့် ရာဇဝတ်တရားသူကြီးသည်၊ ထိုအမှုတွဲကို ရရှိသောအခါ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၏ပုဒ်မ ၃၄၉၊ ပုဒ်မခွဲ (၂) အရ ဆောင်ရွက်ရမည်။''

၁၁။ ။အဆိုပါအက်ဥပဒေ၏ပုဒ်မ ၇၄၊ ပုဒ်မခွဲ (၁) နှင့် (၂) တို့တွင်၊ ''ပုဒ်မ ၄၀-က ပါပြဋ္ဌာန်းချက်ကို မလိုက်နာလျှင်သော်၎င်း၊'' ဆိုသည့်စကားရပ် အသီးသီးနောက်တွင်၊ ''အကျင့်သိက္ခာ ပျက်ပြားရာရောက်သည့် ရာဇဝတ်ပြစ်မှုတခုခု အတွက် ပြစ်ဒဏ်စီရင်ခြင်းခံရလျှင်သော်၎င်း၊'' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၁၂။ ။အဆိုပါအက်ဥပဒေ၏ပုဒ်မ ၈၀ တွင် ''အခွန်တော်မှုသည်'' ဆိုသည့်စကားရပ်အစား၊ ''အခွန်တော်မှုသည်၊ သို့တည်းမဟုတ် အထွေထွေမှုသည်၊'' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၁၃။ ။အဆိုပါအက်ဥပဒေ၏ဇယားတွင်—

(က) အမှတ်စဉ် ၂ နောက်၌၊ အောက်ပါကို အမှတ်စဉ် ၂-က အဖြစ်ထည့်သွင်းရမည်။

| | | | |
|---|---|---|---|
| ''၂-က | တိရစ္ဆာန် နှင့် ပတ်သက်၍ ပေါ့လျော့စွာ ဆောင် ရွက်ခြင်း။ | ၂၈၉ | တိုင် တန်း သူက ကျေးရွာတရားရုံး၏ခွင့်ပြုချက် ဖြင့်။'' |

(ခ) အမှတ်စဉ် ၂၄ နှင့်ယှဉ်လျက်ဇယားကွက် (၂) ၌ ပါရှိသော စကားရပ်အစား၊ အောက်ပါစကားရပ်ကို ထည့်သွင်းရမည်။

''တရားဥပဒေအရထုတ်ပေးသောလက်မှတ်မရှိဘဲ၊ မူးယစ်စေတတ်သည့်သေရည်သေရက်ကိုချက်ခြင်း၊ ဖေါက်ခြင်း၊ တယ်ခြင်း၊ ရောင်းချခြင်း၊ သို့တည်းမဟုတ် ယစ်မျိုးအက်ဥပဒေနှင့် ဆန့်ကျင်၍ လက်ရှိထားခြင်းပြုမှုနှင့်ဆေးခြောက်ကိုရောင်းချခြင်း၊ သို့တည်းမဟုတ် လက်ရှိထားခြင်းပြုမှု။''

(ဂ) အမှတ်စဉ် ၂၅ နောက်၌၊ အောက်ပါကို အမှတ်စဉ် ၂၅-က အဖြစ်ထည့်သွင်းရမည်။

| | | | |
|---|---|---|---|
| ''၂၅-က | တရားဥပဒေအရပေးထားသော လက်မှတ်မရှိဘဲ၊ ကိုကင်း၊ ဘိန်းချေး၊ ဘိန်းဆီ၊ ကွမ်းဘုံတို့ကိုရောင်းချခြင်း၊ သို့တည်းမဟုတ် လက်ရှိထားခြင်းပြုမှု။ | ဘေးအန္တရာယ်ဖြစ်စေတတ်သော ဆေးဝါး အက်ဥပဒေပုဒ်မ ၁၀။ | ပြေငြိမ်းခွင့်မရ။'' |